ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
*Yangon Protestant Reformed Church*
**တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၃)**

နေ့စွဲ - ၁၁. ၁၁. ၂၀၁၂

<u>*သမိုင်းကဏ္ဍ*</u>

## အဲန်ဇီလမ် – ကဲန်တာဗာရီ၏အကြီးဆုံးဘုန်းတော်ကြီး
(Anselm - Archbishop of Canterbury)

**နိဒါန်း**

အလယ်ခေတ်များ(Middle Ages)ဆိုသည်မှာ၊ ပာစ်ပိုမြို့၏သင်းအုပ် ဩဂတ်စတင် မှစ၍ ကြီးမြတ်သော အသင်းတော်ပြန်လည်ပြုပြင်ချိန်ထိကို ခေါ်ပါသည်(အေဒီ ၅၀၀ ခန့်မှ ၁၅၀၀ ခန့်ထိဟု ပြော၍ရပါမည် - ဘာသာပြန်သူ)။ ထိုအချိန်များသည် ဝိညာဉ်ရေးအရမှောင်မိုက်သောကာလ(spiritual darkness)ဖြစ်ပါသည်။ ထိုခေတ်ကာလများတွင် ဥရောပတိုက် တတိုက်လုံးကို ရိုမန်ကက်သလစ်ဂိုဏ်းက အထွတ်အထိပ် အုပ်စိုးခဲ့သည်။ ထိုပြဿနာခေတ်ကာလတွင် မည်သည့်အသင်းတော်သည် စစ်မှန်သောအသင်းတော် ဖြစ်သည်ကို အတော်ရှာရ ခက်ပါသည်။ ထိုခေတ်ကာလကို ကျွန်တော်တို့၏ ဘဲလ်ဂျစ်ခံယူယုံကြည်ချက် စာပိုဒ်(၂၇) က ရည်ညွှန်းခဲ့ခြင်းဖြစ်သည်၊ "ဤအသင်းတော်ကို တလောကလုံး၏ အမျက်ဒေါသမှနေ၍ ဘုရားသခင်က စောင့်ရှောက်စောင်မထောက်ပံ့ပေးတော်မူ၏။ ထိုအသင်းတော်သည် အာဟတ်မင်းအုပ်စိုးသည့် ကြောက်မက်ဖွယ်အချိန်ကကဲ့သို့ တခါတရံ(ခဏတဖြုတ်) လူသား၏အမြင်တွင် သေးငယ်လှစွာ၊ ဘာမျှမဟုတ်တော့သလို ထင်မြင်ရတတ်ပါသော်လည်း၊ သခင်ဘုရားသည် ဗာလနတ်ဘုရားရှေ့တွင် ဒူးမထောက်၊ ဦးမချသူ လူခုနှစ်ထောင်ကို သူ့အဘို့ချန်လှပ်ထားပါသည်။"

ကျွန်တော်တို့ရေးသားနေသော၊ အသင်းတော်သမိုင်းရှိ ထူးခြားကြီးမြတ်သူများအကြောင်းတွင်၊ ဤခေတ်မှ မည်သူ့အကြောင်းကို ရေးရမည်နည်းဟု ရွေးချယ်ရခက်လှပါသည်၊ များ၍တော့မဟုတ်၊ မရှိလွန်း၍ဖြစ်သည်။ မည်သူသည် တကယ့်ဘုရားသခင်၏လူများဖြစ်သနည်းဆိုသည်ကို အတော်ရွေးရခက်ပါသည်၊ တနည်းအားဖြင့်ပြောရလျှင်၊ မည်သူတို့သည် ဘုရားသခင်၏အမှန်တရားကို ခိုင်မာစွာ ကိုင်စွဲသည်၊ ရိုမန်ကက်သလစ်ဂိုဏ်း၏ သင်ပေးမှုအမှားများ၊ ကျင့်သုံးမှုအမှားများကို ဂရုမစိုက်ဘဲ၊ ဘုရားသခင့်အမှုတော်အတွက်သာ လုပ်ကိုင်ကြသူများဖြစ်သည် အတော်ရွေးရခက်ပါသည်။ အတိုးဆုံးပြောရလျှင်၊ ထိုခေတ်တွင် ဘုရားသခင်၏ နုတ်ကပတ်တော်အား သစ္စာရှိသူ၊ လုံးဝမရှိသလောက် နည်းပါးလှပါသည်။

ထို့ကြောင့် ဤခေတ်ထဲမှလူများအကြောင်း ရေးသားဖို့ ကိုင်တွယ်သည့်အခါ၊ ကျွန်တော်တို့သည် ရိုမန်ကက်သလစ်ဂိုဏ်း၏ အမှားများအား သယ်ဆောင်ထားကြသူများကိုသာ ရေးသားရမည်ဖြစ်သည်။ ထိုသို့ဖြစ်သော်လည်း၊ ကျွန်တော်တို့ရေးသားမည်သူများသည်၊ ထိုခေတ်ကအသင်းတော်တွင် တနည်းမဟုတ်တနည်းနှင့် အရေးပါသူများတော့ ဖြစ်ကြပါသည်။ ထို့ကြောင့် သူတို့၏အားနည်းချက်များကို ကျွန်တော်တို့ သည်းခံရပါမည်။ အဲန်ဇီလမ်၊ ကဲန်တာဗာရီမြို့၏ အကြီးဆုံးဘစ်ရှော့ပ်သည် ထိုသို့သောပုဂ္ဂိုလ် ဖြစ်ပါသည်။

**ငယ်စဉ်ဘဝအကြောင်း**

အဲန်ဇီလမ်သည် ၁၀၃၃ ခုနှစ်တွင်၊ အဲလ်ပ်တောင်တန်းများ၏အရိပ်မိုးနေသည့်၊ မြောက်ပိုင်းအီတလီ၊ အာအိုစတာမြို့တွင် ဖွားမြင်ပါသည်။ သူ၏မိခင် အာရ်မဲန်ဘာဂါ(Ermenberga) သည်၊ ဘုရားတရားအလွန်ကိုင်းရှိုင်းသူဖြစ်သည်။ အဲန်ဇီလမ်ကို ငယ်စဉ်ကပင် ဘုရားသခင်အားကြောက်ရွံ့ရိုသေစွာ ကြီးပြင်းလာဖို့ အစွမ်းရှိသမျှနှင့် သင်ပေးခဲ့ပါသည်။ သူ့ဖခင်မှာ မိခင်နှင့်ပြောင်းပြန်ဖြစ်သည်။ ဂမ်ဒုဖ်(Gundulf)ဟုခေါ်ပါသည်၊ သူသည် အလွန်ခေတ်ဆန်သူဖြစ်သည်၊ ရိုင်းစိုင်းသော သူကောင်းမျိုးနွယ်၊ အခြားသူအားလုံးကို လှမ်းမိုးဆရာလုပ်ချင်သူ၊ အားလုံးသည် သူ့လုပ်စာထိုင်စားနေသည်ဟု အထင်ရောက်နေသူဖြစ်သည်။ သူနှင့်ရင်းနှီးသူအားလုံးကို ကျင်နာခြင်းမဲ့၊ ညှာတာခြင်းမဲ့ ဆက်ဆံသူဖြစ်သည်။ ဂမ်ဒုဖ် သေခါနီးသော် နေထိုင်ပုံပြောင်းလဲကာ၊ ဘုန်းကြီးဝတ်ပါသည်၊ ငရဲမှ လွတ်ကောင်းလွတ်မည်ဟု ကြံခြင်းမျှသာဖြစ်ပါသည်။

ကြည့်ရသည်မှာ အဲန်ဇီလမ် သည် လူငယ်အရွယ်ကပင် အတော်ကလေး စိတ်လှုပ်ရှားခံစားလွယ်သူနှင့် ဂမ္ဘီယဆန်သူဖြစ်ပုံရပါသည်။ မိမိအိမ်နောက်ဖေးတွင်ရှိသည့် ချွန်ထက်နေသောတောင်တန်းများ၏ထိပ်များတွင် သွားလာကာ၊ ဆင်ခြင်တွေးတောနေတတ်သူဖြစ်သည်၊ ထိုသို့ပြုခြင်းဖြင့် ဘုရားသခင်နှင့်ပိုနီးသည်ဟု ယူဆတတ်ပါသည်။ သူကိုယ်တိုင်ကပြောပြသည်မှာ သူ အသက်(၁၅)နှစ် မပြည့်မီကပင် သူ့ဘဝကို ဘုရားပြောပြသကဲ့သို့ အတိအကျနေထိုင်ဖို့ ပြင်ဆင်ခဲ့ပါသည်။

ထိုသို့ ဆုံးဖြတ်ပြီးမကြာပါ၊ သူ့အဖေနှင့် ပြဿနာတက်ကြပါတော့သည်၊ နောက်ဆုံး အိမ်မှထွက်သွားသည်အထိ ဖြစ်ခဲ့ပါသည်။ အိမ်သို့ ဘယ်တော့မှ မပြန်တော့ပါ။ အိမ်မှအဝေးနိုင်ဆုံးဖြင့် ပြင်သစ်နိုင်ငံ နော်မန်ဒီနယ်သို့ထွက်ခဲ့ပါသည်။ ထိုနေရာတွင် သူ့နှလုံးသား၏ လိုချင်ဆန္ဒကိုတွေ့ရှိရပါသည်၊ ၎င်းမှာ ဒိုမီနီကန်ဘုန်းတော်ကြီးဂိုဏ်းသို့ ဘုန်းကြီးဖြစ်လာခြင်းဖြစ်သည်၊ နော်မန်ဒီနယ်၊ ဘက်ခ်မြို့(Bec) ဘုန်းကြီးကျောင်းတွင် ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင့်ကျေးဇူးတော်စောင့်မခြင်းဖြင့် ရောက်သွားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုဘုန်းကြီးကျောင်းတွင် ထိုခေတ်က အလွန်နာမည်ကြီးသောပညာရှင် ကြီးကျယ်လှသောဘုန်းတော်ကြီး လဲန်ဖရန့်(great Lanfranc) ရှိသောကြောင့်ဖြစ်သည်။ လဲန်ဖရန့်က သူ့ကို ခေါ်ထားကာ၊ သူ့တဘဝလုံး၏ တာဝန်များအတွက် ပြင်ဆင်ပေးသည့်အနေနှင့် ထိုခေတ်က အကောင်းဆုံးသောပညာရေးကို သင်ပေးပါတော့သည်။

## ဘုန်းကြီးဘဝ

လဲန်ဖရန့် ပြင်သစ်မှထွက်ခွာ၍ ကဲန်တာဗာရီမြို့(အင်္ဂလန်)သို့ အာ့ခ်ဘစ်ရှော့ပ်(အကြီးဆုံးဘုန်းတော်ကြီး)ရာထူးကိုခံယူဖို့ သွားသောအခါ၊ အဲန်ဇီလမ်ကို လဲန်ဖရန့်ရာထူးသို့ ခန့်အပ်လိုက်ကြပါသည်။ အဲန်ဇီလမ်သည် ရှိသေလေးစားလောက်သော စကော်လာ(ပညာရှင်)၊ အလွန်ထက်မြတ်သူ၊ သူမတူအောင် ထူးချွန်လှသူ သီဩလော်ဂျီယန်၊ သို့သော် ကျင်နာတတ်သူ၊ လူကြီးလူကောင်း ဆန်လှသူဖြစ်ကြောင်းကို ထိုခေတ်က ဥရောပတိုက် ခေါင်းဆောင်များ သတိပြုနေခဲ့ကြပြီဖြစ်သည်။ ဘက်ခ်မြို့ ဘုန်းတော်ကြီး ကျောင်းတွင် ဦးဆောင်သူအဖြစ် သူသည် ၁၀၇၈ - ၁၀၉၂ အထိ တာဝန်ထမ်းဆောင်ပါသည်။ ထိုအတောအတွင်းတွင် စာအ မြောက်အများ ရေးသားခဲ့ခြင်းဖြစ်သည်။

၁၀၉၂ တွင် သူ့ကိုလည်း အင်္ဂလန်က ခေါ်ပါသည်၊ ထိုနေရာသို့ သူမရောက်ခင် သူ့ဂုဏ်သတင်း ရောက်နှင့်နေပြီဖြစ်သည်။ ချက်စတာနယ်စားကြီး၏ တောင်းဆိုမှုဖြစ်သည်၊ သူ၏မကျန်းမာခြင်းကြောင့် သူ့နယ်ကိုကူညီပေးဖို့ အကူအညီတောင်းခံလာခြင်းဖြစ်သည်။ အဲန်ဇီလမ်သည် အင်္ဂလန်တွင် အချိန်ဖြုန်းမနေပါ၊ ချက်စတာနယ်၏ စိန့်ဝါးဘာ့ဂ်(St. Werburg)ဘုန်းကြီးကျောင်းကို တည်ထောင်ရင်း အချိန်များကို ကုန်လွန်စေခဲ့ပါသည်။ အင်္ဂလန်တွင် နေထိုင်ချိန် တနှစ်ပြည့်သော်၊ သူ့ဆရာ လဲန်ဖရန့် ကွယ်လွန်သည်၊ အဲန်ဇီလမ်ကို သူ့ဆရာ လဲန်ဖရန့်နေရာ ခန့်အပ်ကြပြန်ပါသည်။ ဤအချိန်တွင်တော့ ကဲန်တာဗာရီ၏ကျောင်းထိုင်ဘုန်းကြီး အနေနှင့်ဖြစ်သည်။ ထိုရာထူးကို သူသည် အလွန်ဝန်လေးစွာဖြင့် ရယူခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကဲန်တာဗာရီ၏ကျောင်းထိုင်ဘုန်းကြီးဆိုသည်မှာ၊ အင်္ဂလန်တတိုင်းပြည်လုံး၏ဘာသာရေး၏ အကြီးဆုံးရာထူး ဖြစ်သောကြောင့်ဖြစ်သည်။ တတိုင်းပြည်လုံး၏ အသင်းတော်များ ကောင်းဖို့မကောင်းဖို့ တာဝန်အားလုံး သူ့အပေါ်ကျရောက်ခြင်းဖြစ်သည်။ ထိုရာထူးသို့ သူသည် ဒီဇင်ဘာလ ၄ ရက်၊ ၁၀၉၃ တွင် လက်တင်မင်္ဂလာပေးလျှက် ခန့်အပ်ခြင်းခံပါသည်၊ ထိုရာထူးတွင် (၁၅)နှစ်တိုင်၊ သူသေဆုံးချိန် ဧပြီ ၂၁၊ ၁၁၀၉ နှစ်အထိ ထမ်းဆောင်သွားပါသည်။ သူ့ရာထူးကို ထူးချွန်စွာ ထမ်းဆောင်သွားခဲ့ပါသည်၊ သမိုင်းတွင် သူ့ကို အလယ်ခေတ် အသင်းတော်ဦးဆောင်သူ ကြီးကျယ်လှသောခေါင်းဆောင်များထဲမှ တယောက်ဟု နာမည်တွင်ခဲ့ပါသည်။

ကျွန်တော်တို့သည် ထို အဲန်ဇီလမ်း၏ အရိုးများအပေါ်တွင် အချို့သောအသွေးအသားများပြန်တင်ဖို့ ကြိုးစားကြပါမည်။

## ကျောင်းဆရာနှင့်သင်းအုပ်ဆရာ

အဲန်ဇီလမ်၏ စရိုက်များတွင် ခြားနားသောအပွင့်အကွက်များစွာ ရှိပါသည်။ သူသည် လူကြီးလူကောင်း ဖြစ်သည်၊ သူ့အဖေထက် အမေနှင့်ပိုတူသည်မှာ ထင်ရှားလွန်းပါသည်။ ထိုလူကြီးလူကောင်းဆန်ခြင်း နူးညံ့မှုသည် သူ၏တိရိစ္ဆာန်များကို ချစ်မြတ်နိုးမှုတွင် ပေါ်လာပါသည်။ တခါသော် သူသည် ကဲန်တာဘာရီမြို့မှ ဝင်ဆောမြို့သို့ မြင်းစီးသွားခဲ့ရာ၊ လမ်းတွင် မုဆိုးများက သတ်ဖို့လိုက်သဖြင့် ကြောက်ရွံ့စွာပြေးလာကာ၊ သူ့မြင်းအောက်ဝင်ပုန်းနေသော ယုန်တကောင် တွေ့ပါသည်၊ ထိုအခါ သူသည် မြင်းပေါ်မှ မျက်ရည်များကျလျှက် ဆင်းကာ၊ ကြောက်လွန်းသဖြင့် တုန်နေသောယုန်ကလေးကို ချီကာ၊ မုဆိုးများကို အပြင်းအထန် ဆူပါတော့သည်၊ ယုန်ကလေး မုဆိုးများကို ကြောက်သဖြင့် ပြေးလွှားကာ တုန်လှုပ်နေခြင်းသည်၊ လူဆိုးလူမိုက်များ ငရဲပြစ်ဒဏ်က လိုက်သဖြင့် ပြေးလွှားထုန်လှုပ်ရခြင်းနှင့်တူသည်ဟု နိုင်းယှဥ်ကာ ဆုံးမလွှတ်လိုက်ပါသည်။

အဲန်ဇီလမ်သည် ကြီးကျယ်သောတရားဟောဆရာတော့မဟုတ်ပါ၊ သူ၏ခွန်အားသည် သူ၏လေ့လာနိုင်မှု၊ စာသင်ပေးခြင်းနှင့် စိတ်ညစ်၊ စိတ်ဓါတ်ကျသူများအား လမ်းညွှန်နှစ်သိမ့်ပေးနိုင်မှုတွင် ဖြစ်ပါသည်။ သူသည် သူ့ကျောင်းသားများ၏ စိတ်ထဲသို့ ဝင်ရောက်နိုင်သူဖြစ်သည်။ သူတို့မမေးရဲသောမေးခွန်းများကိုလည်း သိနေကာ၊ အဖြေပေးတတ်သူဖြစ်သည်။ သူသည် ပညာရှိသော၊ တရားမျှတသော စည်းကမ်းရှိခြင်းကို အမြဲတမ်း ထိန်းသိမ်းသူဖြစ်သည်။ တခါတွင် သူနှင့်အတူရှိသော ကျောင်းထိုင်ဘုန်းကြီးက သူ့ကျောင်းသားကလေးများကို မည်မျှရိုက်နှက်သင်ပေးစေကာမူ ဘယ်လိုမှ မတိုးတက်နိုင်ကြပါ၊ ဘယ်လောက်ရိုက်ရိုက် ငတုန်းများသာ ဖြစ်နေကြသည်ဟု ညီးတွားရာ၊ အဲန်ဇီလမ်က မရိုက်ဘဲသင်ပေးကြည့်ပါလားဟု အကြံပေးခဲ့ပါသည်။ သူသည် သူ့ခေတ်ထက် ခေတ်ရှေ့ပြေးလွန်းသူဖြစ်သည်၊ အထူးသဖြင့် ပညာရေးသဘောတရားများတွင်ဖြစ်သည်။ ထိုခေတ်၏ ပေါ်ပြူလာအဖြစ်ဆုံး ဆရာတဦးလည်း ဖြစ်ပါသည်။ အဲန်ဇီလမ်သည် အပြစ်၊ သံသယတို့နှင့် ရုန်းကန်နေရသော ဝိညာဉ်ရေးပြဿနာများအကြောင်းကိုကောင်းစွာနားလည်သူဖြစ်သဖြင့်၊ သူ့ထံ အကူအညီတောင်းလာသော စိတ်ဒုက္ခရောက်နေကြသူများအား ကောင်းစွာအကြံပေးနှစ်သိမ့်နိုင်ခဲ့ပါသည်။ ၎င်းတို့ကို သူ အကြံပေးသည်၊ ဆုတောင်းပေးသည်၊ နှစ်သိမ့်စကားပြောသည်၊ ဆုံးမသည်၊ ချစ်ခင်ပါသည်။ ထိုသူတို့နှင့် သူ အမြဲတမ်း စာအဆက်အသွယ်လည်း ပြုပါသည်၊ အမြဲတမ်း ထိုသူတို့အား နားလည်ပေးသူ၊ ကိုယ်ချင်းစာကျင်နာသူ၊ သို့သော် တချိန်ထဲတွင် ခိုအပ်ပါက ခိုင်မာစွာရပ်တည်သူလည်း ဖြစ်ပါသည်။ တခါတွင် စိတ်ပြဿနာဖြစ်နေသော ဘုန်းကြီးတပါးထံ ဤသို့စာရေးခဲ့ပါသည်၊ “ဆိုးညစ်သောအပြစ်များနှင့်ပတ်သက်လျှင် ကျွန်တော်တို့ နောင်တရသင့်ပါသည်၊ ကျွန်တော်တို့ မသေခင် ၎င်းတို့ကို စွန့်ပစ်ရပါမည်၊- သို့မဟုတ်ပါက တနေ့သောအခါ ကျွန်တော်တို့ကို ထိုအရာတို့အထဲတွင် တွေ့ရမည်ဖြစ်ပါသည်။ သို့သော် ကောင်းသောအလုပ်များနှင့်ပတ်သက်၍မူ ကျွန်တော်တို့သည် ၎င်းတို့ကို အဆုံးတိုင်အောင် စောင့်ရှောက်ထိန်းသိမ်းကြရပါမည်၊ ၎င်း တို့အကြားတွင်(နေထိုင်ရင်း) ကျွန်တော်တို့၏ဝိညာဉ်များ၊ ဤကမ္ဘာထဲမှ ခေါ်ထုတ်သွားခြင်းခံရအောင်ဖြစ်သည်။”

အဲန်ဇီလမ်သည် ဂရုဏာအလုပ်များကို အလွန်လုပ်ကိုင်သူဖြစ်ပါသည်။ သူတို့ခေတ် ဆေးရုံများမှ လူနာများအား စောင့်ရှောက်ပြုစုခြင်းကို အလွန်သဘောကျပါသည်။ ဆင်းရဲသားများကိုလည်း အလွန်ဂရုစိုက်ကြည့်ရှုပါသည်။ သူ့အား အမြဲတမ်းစိတ်ဆိုးစေသည့် တခုတည်းသောအကြောင်းအရာမှာ သူ့လုပ်ဖေါ်ကိုင်ဖက် ဘုန်းတော်ကြီးများ၏ လောဘကြီးလွန်းခြင်း၊ လွန်ကဲလွန်းကြခြင်းသာဖြစ်ပါသည်။

သူသည် မိမိလုပ်ဖေါ်ဆောင်ဖက်တို့၏ မဆင်မခြင်ဖြစ်မှုများကို လွယ်ကူစွာခံစားတတ်သည့်၊ လွန်ကဲစွာ သိမ့်မွေ့လွန်းသူဖြစ်သည်။ ပြောစမှတ်ပြုကြသည်မှာ၊ ၁၀၉၅ ၌ ရော့ကင်ဟန်ဒေသတွင်ကျင်းပသော အထွေထွေညီလာခံကြီး၌ဖြစ်ပါသည်၊ တက်ရောက်လာကြသောကိုယ်စားလှယ်များ ပြဿနာတရပ်ကို ခါးသည်းစွာငြင်းခုံကြချိန်တွင်၊ အဲန်ဇီလမ် ကို အိပ်မောကျနေလျှက် တွေ့ကြရပါသည်၊ မျက်နှာတွင်တော့ ပြုံးလျှက်နှင့်ဖြစ်သည်။

## ဒ္ဒသင်းတော်ကိုဂရုစိုက်သူ

အဲန်ဇီလမ်သည် အင်္ဂလန်နိုင်ငံတွင်ဖြစ်ခဲ့သော ရာထူးခန့်အပ်ခြင်းဆိုင်ရာပြဿနာတွင် နက်ရှိုင်းစွာ ပါဝင်ခဲ့ပါသည်။ ၄င်းအငြင်းပွားမှုသည် အချိန်အတော်ကြာကြာကပင် ဖြစ်ခဲ့ပါသည်၊ အတော်လေးလည်း ရှုပ်ထွေးပါသည်။ သို့သော် အခြေခံပြဿနာများကိုတော့ လွယ်လွယ်ကလေးနားလည်နိုင်ပါသည်။ ရိုမန်ကက်သလစ်ဂိုဏ်း၏ အထက်တန်းအဆင့်မြင့်ဘုန်းကြီးများသည် မြေပိုင်ရှင်ကြီးများလည်းဖြစ်ကြသည်၊ ကျယ်ပြောလှသောပိုင်နက်များကို အုပ်ချုပ်ကြသည်။ ပုတ်ရဟန်းမင်းက ထိုအဆင့်မြင့်ဘုန်းကြီးများကို ထိန်းချုပ်ချင်သည်၊ ထိုသို့ထိန်းချုပ်နိုင်ခြင်းသည်၊ သူကသာ ဘုန်းတော်ကြီးများကို ရာထူးတိုးမြှင့်နိုင်သောအာဏာအခွင့်အရေးပိုင်မှဖြစ်နိုင်ပါမည်။ တချိန်တည်းတွင် ဥရောပတိုက်ဘုရင်များကလည်း ထိုဘုန်းတော်ကြီးများအားခန့်အပ်ခွင့်အာဏာကို လိုချင်ကြပြန်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုဘုန်းတော်ကြီးများသည် ဘုရင်များ၏လက်အောက်မှ နယ်ပယ်များကို အုပ်ချုပ်ရသူများဖြစ်ကြ၍ဖြစ်သည်။ ထို့ကြောင့် ရှင်ဘုရင်များက ဘုန်းတော်ကြီးများအားခန့်အပ်ခွင့်အာဏာကို သူတို့ပိုင်သင့်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုဘုန်းတော်ကြီးများသည် ရှင်ဘုရင့်အောက်တွင် အမှုထမ်းရသူအရာရှိများလည်း ဖြစ်ကြသည်ဟု ကြေညာကြပါသည်။

အခြေခံအကျဆုံးပြဿနာမှာ၊ အမြဲတမ်းဖြစ်သလိုပင်၊ ပိုက်ဆံဖြစ်သည်။ ပုတ်ရဟန်းမင်းနှင့်ဘုရင် နှစ်ဖွဲ့စလုံးက ထိုနယ်မြေများမှ အခွန်ငွေကို မိမိပိုင်အဖြစ် ရချင်ကြ၍၊ အခြားကိစ္စများအား ရမယ်ရှာကြခြင်းသာဖြစ်ပါသည်။ ပုတ်ရဟန်းမင်းက ထိုနယ်မြေများမှအခွန်ကို ရောမမြို့ ဘုရားကျောင်းဘဏ္ဍာတိုက်ထဲသို့ စည်းဝင်စေချင်သည်၊ ဘုရင်များကလည်း ထိုအခွန်ငွေများကို ဘုရင့် ဘဏ္ဍာတိုက်များထဲ စီးဝင်စေချင်ကြသည်။ ထို့ကြောင့်၊ ကျမ်းစာကပြောသည့် “ငွေကိုချစ်ခြင်းသည် ဆိုးညစ်ခြင်းအားလုံးတို့၏ အရင်းအမြစ်ဖြစ်ပါသည်၊” (၁တိ ၆း၁၀) ဆိုသည့်အချက် ဖြစ်နေခြင်းဖြစ်သည်။

ကက်သလစ်ဂိုဏ်းကို သစ္စာရှိသူပီပီ၊ အဲန်ဇီလမ်သည် ဘုရင် ဝီလျှံရူဖတ်စ်(ဘုရင်မင်းမြတ် အောင်နိုင်သူ ဝီလျှံ၏သား၊ ငမူးဖြစ်သည်)နှင့် ပထမမြောက်ဟင်နရီဘုရင်တို့၏ ထိန်းချုပ်လိုမှုများကို သူတတ်နိုင်သလောက် ပိတ်ဆို့တားဆီးခဲ့ပါသည်။ ထိုဘုရင်နှစ်ပါးစလုံးက သူတို့သာ ဘုန်းတော်ကြီးများကို ခန့်ထိုက်သည်ဟု အခိုင်အမာယူဆကြသည်။ ပုတ်ရဟန်းမင်းအား သစ္စာရှိမှုကြောင့် သူ့အသက်ဘေးမှလွတ်ရန် နှစ်ကြိမ်တိတိ အင်္ဂလန်မှ ထွက်ပြေးခဲ့ရပါသည်။ သူ၏ အာ့ခ်ဘစ်ရှော့ပ်/အမြင့်ဆုံးဘုန်းတော်ကြီးရာထူး၏တချို့သောအချိန်အပိုင်းအခြားကို ထွက်ပြေးရသော ပြင်သစ်ပြည်၌သာ အသုံးပြုခဲ့ရပါသည်။

## ဿီဩလော်ဂျီယန်ဖြစ်သူ

အဲန်ဇီလမ်သည် အင်မတန်ထက်မြက်သော အတွေးအခေါ်ပညာရှင်လည်း ဖြစ်ပါသည်။ တခါတရံ သူ့ကို “စကောလားစတစ်ဂိုဏ်း/ကျောင်းတော်ဝါဒ ဒဿနပညာဂိုဏ်း၏ဖခင်”(scholastic philosophy)ဟု ခေါ်ကြပါသည်။ ထိုခေတ်က ကက်သလစ်ဂိုဏ်းပညာရှင်အများစုက ဆင်ခြင်ခြင်း(reason)ကို ယုံကြည်ခြင်း(faith)ရှေ့တွင် ထားခဲ့ကြပါသည်၊- သို့သော် အဲဇီလမ်ကမူ ယုံကြည်ခြင်း(faith)သည် အသိပညာ(knowledge)အရင်ကျပါသည်ဟုတွေးခေါ်ပါသည်။ “ငါ နားလည်သဘောပေါက်ပြီးမှ ယုံကြည်လာဖို့ မကြိုးစားပါ၊ ထိုမှဆန့်ကျင်စွာ ငါ နားလည်လာဖို့ ယုံကြည်ခြင်းဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအချက်သည် သေချာလှကြောင်း ငါ ခံစား(feel sure)မိပါသည်၊ အကယ်၍ ငါ မယုံကြည်လျှင်၊ နားလည်နိုင်တော့မည် မဟုတ်ပါ၊”ဟု ရေးသားခဲ့ပါသည်။ ဤသို့တွေးခေါ်ရာ၌ သူသည် အမှန်ပင် လမ်းမှန်ပေါ်ရောက်ခဲ့သူဖြစ်သည်။ သို့သော် သူသည် သူ့အတွေးအပေါ် အမြဲတမ်းသစ္စာရှိသူတော့ မဟုတ်ပြန်ပါ။

အဲန်ဇီလမ်သည် ရှိမှုဗေဒ(ontological)မှနေ၍ဘုရားရှိကြောင်းသက်သေပြမှုဝါဒ၏ ဖခင်လည်းဖြစ်ပါသည်။ ဘုရားသခင်ရှိကြောင်း ဆင်ခြင်ခြင်းဖြင့် သက်သေပြဖို့ကြိုးစားသူဖြစ်သည်၊ သူဆင်ခြင်သည်မှာ ဤသို့ဖြစ်သည်၊ လူတိုင်း၏အတွေးထဲတွင် “အလွန့်အလွန်ပြည့်စုံသူ”(most perfect being)ဆိုသည်မျိုး ရှိနေပါသည်။ ထိုသို့ အတွေးထဲ၌ရှိနေသည့် အလွန့်အလွန်ပြည်စုံသူသည် အတွေးထဲတွင်သာမက အပြင်တွင်လည်း ရှိရမည်။ ဘုရားသခင်သည် အလွန့်အလွန်ပြည့်စုံသူ ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် တကယ်ရှိနေသည်။ နောက်ပိုင်းတွေးခေါ်ရှင်များအားလုံး ထို ဘုရားသခင်ရှိနေကြောင်းသက်သေပြမှုကို ဖြေရှင်းဖို့ ကြိုးစားအားထုတ်ခဲ့ကြပါသည်၊ ဒဿနပညာရှင်အများက အဲန်ဇီလမ်မှားကြောင်း သက်သေပြဖို့ အားထုတ်ခဲ့ကြပါသည်။ အဲန်ဇီလမ်၏ သက်သေပြချက် မှားသလား မှန်သလား ကိုအသာထားလိုက်ပါ၊ တကယ့်အဖြစ်မှန်မှာ ဘုရားသခင်၏သားသမီးတိုင်းက ဘုရားသခင်သည် ကြီးမြတ်တော်မူသည်၊ သူသည် လူသားတို့သက်သေပြမှုများ၏ ဟိုမှာဖက်တွင် ရှိနေတော်မူသည်ကို သိကြပါသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူသည်။ ယုံကြည်မှု(faith)ဖြင့်သာ သူ့ကိုသိနိုင်သည်၊ ယုံကြည်နိုင်(believe)ပါသည်။

အလယ်ခေတ်တလျှောက်တွင် ကျမ်းစာနှင့်ပတ်သက်သော အမှန်တရားသည် နည်းနည်းကလေးမှ မတိုးတက်သလောက်ဖြစ်ပါသည်။ သို့သော် အဲန်ဇီလမ်မှာ ခြွင်းချက်အနေဖြင့် ထိုးထွက်နေပါသည်။ သူကိုမည်သည့်အကြောင်းအတွက် ကျွန်တော်တို့လေးစားသင့်ပါသနည်းဟု မေးလျှင် ပြောစရာတခုတော့ရှိပါသည်၊ ၄င်းမှာ ခရစ်တော်၏အသေခံတော်မူခြင်းသည် အပြစ်ဖြေပေးခြင်းအနေနှင့်အသေခံခြင်းဖြစ်ကြောင်းဩဝါဒ(doctrine of the atoning sacrifice of Christ)အား သူက စတင်သွန်သင်ခဲ့ခြင်းကိုဖြစ်ပါမည်။ သူသည် ထိုဩဝါဒကို သူ့မတိုင်ခင်အသင်းတော်၏ သွန်သင်ခြင်းထက် ရှေ့သို့ရောက်ရှိစေခဲ့ခြင်းဖြစ်သည်။ သူသည် ထိုသူ

၏အမြင်များကို "ဘုရားသခင်သည် အဘယ့်ကြောင့် လူသား ဖြစ်လာရသနည်း?"(Why did God become man?)ဆိုသောစာအုပ်တွင် တင်ပြခဲ့သည်။ သူ့အမေးကို သူကပင် ဤသို့အဖြေပေးခဲ့ပါသည်၊ "ဘုရားသခင်၏ဖြောင့်မတ်ခြင်းကြောင့် ကျွန်တော်တို့၏ သခင်ယေရှုခရစ် လူသားဇာတိခံယူခြင်း၊ အပြစ်ဖြေခြင်းအဖြစ်အသေခံခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။" သူ၏တွေးခေါ်ခြင်းကို အသေးစိတ်ပြောပြနေစရာ ဤနေရာ၌ မလိုအပ်ပါ၊ ကျွန်တော်တို့၏ ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေ သခင်ဘုရား၏နေ့ (၅ နှင့် ၆)က ထိုအိုင်ဒီယာကို အသေးစိတ်ပြောပြပြီးဖြစ်ပါသည်။ ထိုသခင်ဘုရား၏နေ့များကိုဖတ်ခြင်းသည်၊ အဲန်ဇီလမ် မည်သို့တွေးခေါ်ခဲ့သနည်း ဆိုသည်ကို ခြုံငုံနားလည်ခြင်း ဖြစ်ပါသည်။ သူ၏ ကြီးမြတ်သောအတွေးအမြင်များသည် ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများအားဖြင့် ရီဖေါ့မ်အသင်းတော်များ၏အမွေဖြစ်လာခဲ့ပါသည်။

အပြစ်တရားပြဿနာကို သေချာနားလည်သူ

အဲန်ဇီလမ်သည် မြောက်များလှသော ဆင်ခြင်တွေးတောခြင်းများနှင့်ဆုတောင်းခြင်းများကိုလည်း ရေးသားခဲ့ပါသည်။ ၄င်းတို့ကို ဖတ်ရသည်မှာ အသိမြင်ကွယ်စေပါသည်။ သူ့ခေတ်ကအတိုင်း သူ၏ဆုတောင်းခြင်းများသည် မာရိနှင့်စိန့်များထံသို့ လိပ်မူထားကြသည်များပါသည်။ ၄င်းတို့သည် အပြစ်အား နက်ရှိုင်းစွာ သဘောပေါက်နားလည်ခြင်းများဖြစ်ကြသည်။ ခရစ်ယာန်တဦး၏ အပြစ်တရားကို ဆန့်ကျင်အသက်ရှင်သော ဘဝအတွေ့အကြုံများဖြစ်ကြသည်။ ခရစ်ယာန်တဦး၏ အပြစ်မှလွတ်မြောက်လိုခြင်း၊ အပြစ်ခွင့်လွှတ်မှုကို ရလိုခြင်း၊ သန့်ရှင်းစွာအသက်ရှင်လိုခြင်းတို့အကြောင်းများ ဖြစ်ကြသည်။

ထိုသို့ဖြစ်သော်လည်း အဲန်ဇီလမ်၏ဆုတောင်းခြင်းများကို ဖတ်သူတိုင်း မလွဲမသွေ တွေ့ရသည့်အချက်တချက်မှာ၊ သူသည် ဘယ်တော့မှ သေချာမှုကို မရခဲ့ခြင်းဖြစ်ပါသည်။ သူ ဘယ်တော့မှ နှစ်သိမ့်မှုနှင့်ငြိမ်းချမ်းမှုကို မရခဲ့ခြင်းဖြစ်ပါသည်။ ရဖို့ အမြဲကြိုးစားနေရင်း၊ ဘယ်တော့မှ မရနိုင်ခဲ့သူဖြစ်ပါသည်၊ အလွန်မျှော်လင့်ချက်မဲ့ခြင်း၊ မှောင်မဲနေသော စိတ်ဓါတ်ကျရခြင်းတို့ထဲ၌သာ အမြဲတမ်း လမ်းပျောက်နေခဲ့ရသူ ဖြစ်ပါသည်။ သူ့စာများထဲမှ အနည်းငယ်ကို ကိုးကားဖေါ်ပြပါမည်။ စိန့်ဂျွန်(ရှင်ယောဟန်)ထံ လိပ်မူဆုတောင်းခြင်းဖြစ်သည်၊ အဲန်ဇီလမ် ဤသို့ရေးခဲ့ပါသည်၊-

"သခင်ယေရှု၊ သူ့ကိုဆန့်ကျင်လျှက် အကျွန်ုပ် အပြစ်များစွာပြုခဲ့ပါသည်၊
သခင်(ယောဟန်ကိုခေါ်ခြင်း - ဘာသာပြန်သူ)၊ သူ့ကို အကျွန်ုပ် ဆိုးညစ်စွာ အထင်သေးခဲ့ပါသည်၊
အနန္တတန်ခိုးတော်ရှင်ဘုရား၏ အမျက်ဒေါသကို အကျွန်ုပ်၏မာနဖြင့် ထစေခဲ့ပြီ၊
သင်သည် ချစ်ရသူယောဟန်ဖြစ်ပါသည်၊ အသင် ကောင်းချီးခံရသူတမန်တော်ကြီးခင်ဗျား၊
အသင့်ထံ ကျောက်ရွံ့တုန်လှုပ်နေရသောအပြစ်သား ပြေးလာခဲ့ပါမည်၊
သင်၏ အပြစ်သား ကျွန်ုပ်၊ သင်၏ ကျူးလွန်မိသူ၊ သူ၏ဆိုးယုတ်မှုများ မည်မျှကြီးပါစေ၊ ပြေးလာခဲ့ပါမည်။
သူ၏ကျေးဇူးကန်းခြင်း မည်မျှ ကြီးနေပါစေ၊
သင့် ချစ်ရသူ၏အမည်ကို ပွေ့ထားပေးတော်မူပါ။
သူနှင့် ကိုယ်တော်၏ဖြောင့်မတ်သောတရားစီရင်ခြင်းမှလာသည့်
ကြောက်စရာကောင်းသော ပြစ်ဒါဏ်ချမှတ်မှုကြားတွင်၊
အသင့်အား အားကိုးတကြီးလာခဲ့သူကို ကာကွယ်သနားလှည့်ပါ။
အကယ်၍ အသင်၏နာမည်နှင့်ဆုတောင်းသူ တဦးအား အပြစ်စီရင်ခဲ့ပါလျှင်၊
မည်သို့သောအကာအကွယ်သည် ရှိနိုင်ပါတော့မည်နည်း အရှင်၊
အရှင့်နာမည်အောက် အကာအကွယ်ယူသူတဦး ပြစ်ဒါဏ်ခတ်ခြင်း ခံရပါလျှင်၊
အဘယ်သို့လျှင် ခိုလှုံစရာနေရာသည် ရှိနိုင်ပါတော့မည်နည်း။
သခင် ကိုယ်တော့်ထံ ပြေးလာသူတဦးကို မမုန်းတီးလိုက်ပါနှင့်၊
သခင်၊ အိုး သခင် အကျွန်ုပ်၏အပြစ်ဒုစရိုက်များသည် ငရဲသွားရဖို့ အကြောင်းအရင်းများ မဖြစ်ပါစေနှင့်။"

နောက်တခုကိုကြည့်ပါဦးမည်၊ စိန့်နိကိုလပ်စ်(St. Nicholas)ထံ ဆုတောင်းခြင်းဖြစ်သည်။

"အကယ်၍ ဘုရားသခင်သာ အကျွန်ုပ်ကို ငုံကြည့်တော်မူခဲ့ပါလျှင်၊ မည်သူသည် အကျွန်ုပ်အတွက် မော်ကြည့်ပေးပါမည်နည်း?
အကယ်၍ ဘုရားသခင်သည် မျက်နှာတော်ကို အကျွန်ုပ်ထံမှ လွှဲတော်မူပါလျှင်၊ မည်သူသည် အကျွန်ုပ်ကို ကြည့်ရှုပါမည်နည်း?
အကယ်၍ ဘုရားသခင်သည် အကျွန်ုပ်ကို မုန်းတော်မူလျှင်၊ မည်သူသည် အကျွန်ုပ်ကိုယ်စား ပြောဆိုပေးရဲပါမည်နည်း?
အိုး ဘုရားသခင်၊ အကျွန်ုပ်သည် သနားစရာ၊ ဂရုဏာလိုအပ်သူဖြစ်ပါသည်။
ကိုယ့်တော့်ထံ လာရောက်သူကို အမှန်ပင် ပြန်နှင်လွှတ်ပါမည်လော?
ထိုသို့ဖြင့် ကိုယ်တော့်ထံချည်းကပ်လာသူကို မသနားဘဲ နေတော်မူပါမည်လော?
ကိုယ်တော့်အား များစွာနာကျည်းစေသူကို ကျိန်ဆဲတော်မူပါမည်လော?
သူ၏ကိုယ်စား ကိုယ်တော်သည် မိမိသူငယ်ချင်းတဦး၏ဆုတောင်းကိုမျှ မကြားဘဲနေတော်မူပါမည်လော?

ထိုဆုတောင်းများကိုကြည့်၍ သင်ခန်းစာရပါသည်။ ထိုနိဂုံးမှလွဲ၍ အခြားနိဂုံးသို့ ရောက်နိုင်မည်လည်း မထင်ပါ။ အဘယ့်ကြောင့်ဆိုသော် ရိုမန်ကက်စလစ်ဂိုဏ်းတွင် စစ်မှန်သောနှစ်သိမ့်မှုသည် အပြစ်သားတို့လက်လှမ်းမှီရာနှင့် ဝေးကွာလွန်းနေပါသည်။

အဘယ့်ကြောင့်ဆိုသော် သူသည် မိမိ၏ကောင်းသောအလုပ်/အကျင့်များဖြင့် ဘုရားသခင်နှင့်ငြိမ်းချမ်းမှုရရန် ကျင့်ယူဖို့လိုသောကြောင့်ဖြစ်ပါသည်။ အထက်ကစာသားများသည် နောင်တချိန် မာတင်လူသာ တွေ့ကြုံခဲ့ရသော ရုန်းကန်ရခြင်းများနှင့် တထပ်တည်း တူနေပါသည်။ ရိုမန်ကက်သလစ်ဘာသာရေးဝါဒထဲတွင် နှစ်သိမ့်မှုသည် မဖြစ်နိုင်သောအရာဖြစ်ပါသည်။

မျှော်လင့်ချက်ကင်းမဲ့လှသည့် ထိုဆုတောင်းများက ဥရောပတတိုက်လုံးကို မိုးကြိုးပစ်ချလိုက်သလို ဖြစ်စေခဲ့သော ရီဖေါ်မေးရှင်း/အသင်းတော်ပြန်လည်ပြုပြင်ခြင်း၏ ဧဝံဂေလိတရား၏ ကြီးကျယ်မြင့်မြတ်ခြင်းကို မီးမောင်းထိုးပြနေပါသည်။ ပြန်လည်ပြုပြင်သူများက အခိုင်အမာပြောဆိုခဲ့သလို၊ ကျွန်တော်တို့ထံတွင် ဘုရားသခင်၏လူများထံ ငြိမ်းချမ်းခြင်းကို ယူဆောင်လာပေးသော ဧဝံဂေလိသတင်းကောင်းသည် ရှိနေပါသည်။ ကျွန်တော်တို့သည် နှစ်သိမ့်မှုရလျှက် လာခဲ့ကြပါသည်။ မျှော်လင့်ချက်ပျက်သုဉ်းနေသော ဥရောပရှိ လူထုကြီးထံသို့၊ ကျွန်တော်တို့ ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများ၏ ရိုးစင်းလှသော အဖွင့်အမေးနှင့်အဖြေ စကားလုံးများက မည်မျှကြီးမားလှသောစွမ်အင်များကို ဖြစ်စေခဲ့ကြောင်း သင်တွေးနိုင်လိမ့်မည်မထင်ပါ၊

“သေခြင်းနှင့်ရှင်ခြင်းတွင် သင်၏ တခုတည်းသော နှစ်သိမ့်စရာသည် အဘယ်နည်း?

ကျွန်ုပ်ကို -----သစ္စာနှင့်ပြည့်စုံသော ကျွန်ုပ်၏ကယ်တင်ရှင် သခင် ယေရှုခရစ်ကသာ ပိုင်ဆိုင်တော်မူ၏။”

ထိုအရာသာဖြစ်သည်၊ ထိုအချက်သည် လုံလောက်သည်၊ အဲန်ဇီလမ် မသိခဲ့ပါ။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

*သိဩလော်ဂျီကဏ္ဍ*

## ဘုရားသခင်၏ ရိုးစင်းတော်မူခြင်းအကြောင်း (God's Simplicity)

ဂျေဟောဗား(Jehovah)ဆိုသောအမည်က ဘုရားသခင်ကို ကျွန်တော်တို့ထံ တဦးတည်း(one)ဖြစ်သူနှင့် ရိုးစင်းလှသူ(simple)အဖြစ် ဖေါ်ပြနေပါသည်။ သူတပါးတည်းသာ ဘုရားသခင်ဖြစ်ကြောင်း၊ သူဘေးတွင် တခြား ဘာဘုရားမှမရှိကြောင်း ကျွန်တော်တို့ထံ ဖွင့်ပြ/ဖေါ်ပြနေပါသည်။ သူသည် သူဘာဖြစ်သည်ဆိုသည်နှင့် တထပ်တည်းဖြစ်ပါသည်၊ သူ့ဂုဏ်လက္ခဏာများ(attribute)အားလုံးသည် သူ့ထံတွင် တခု(တစ် = one)ဖြစ်ပါသည်။ ထို ဘုရားသခင်၏ရိုးစင်းခြင်သည် ဟီဗရူးဘာသာမှ ဘုရားသခင်ကို ခေါ်သော နောက်နာမည်တခုဖြစ်သည့် အီလောဟင်းမ်(Elohim, God)ဆိုသည့်အမည်နှင့် ဆန့်ကျင်မနေပါ။ အီလောဟင်းမ် ဆိုသောအမည်က အများကိန်းကို ပြောပြနေပါသည်။ ထိုစကားလုံးအားဖြင့် ဘုရားသခင်က ကျွန်တော်တို့ထံ ပြောပြချင်သည်မှာ ဘုရားသခင်သည် ခန်းနားကြီးကျယ်ခြင်းများစွာရှိသည့် တပါးတည်းသောအနန္တတန်ခိုးတော်ရှင်ဖြစ်သည် ဆိုသည့်အမှန်တရားကိုဖြစ်သည်။

ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဂုဏ်လက္ခဏာများအားလုံးတွင် တစ်ဖြစ်သော်လည်း၊ ကျွန်တော်တို့သည် သူ့ကို သူ၏ မျိုးစုံသော ဘုန်းကျက်သရေရှိလှသည့် ဂုဏ်လက္ခဏာများအား ကာလာစုံဖွင့်ပြတော်မူချက်များအဖြစ် ဖွင့်ပြတော်မူမှသာလျှင် သိနိုင်ကြပါမည်။ ထို့ကြောင့် အီလောဟင်းမ်ဆိုသောအမည်က ဖေါ်ပြနေသည်မှာ၊- ဘုရားသခင်သည် အကြွင်းမဲ့ကြီးမြတ်တော်မူသောသူဖြစ်သည်၊ ထို ဘုန်းကျက်သရေကို သူ၏ များပြားလှသောအံ့ဩစရာများ၏ဖွင့်ပြ/ဖေါ်ပြမှုမှ တဆင့်သာ သိနိုင်ကြပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ဘုရားသခင်သည် သူ့ဘာသာသူထဲ၌မူ၊ ရိုးစင်းလှသူ(simple being) ဖြစ်ပါသည်။ သူသည် ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်ဟု ပြောသူဖြစ်သည်။ ဆိုလိုသည်မှာ၊ ပထမအနေနှင့်၊ သူသည် တစ်(one)ဖြစ်သည်။ ဘုရားများကြီးရှိသည်ဟုပြောနေသော အတွေးများနှင့်ဆန့်ကျင်နေပါသည်။ ထိုသူတို့၏အတွေးတွင် ဘုရားသခင်သည် များပြာလှသော ဘုရားများသို့ ကွဲသွားပါသည်။ တခါတရံ ထိုဘုရားများသည် တပါးနှင့်တပါး ဆန့်ကျင်နေတတ်ကြပါသေးသည်။ ဘုရားသခင်သည် ‘ငါ’ဟု ပြောသူဖြစ်သည်(I AM)။ သူသည် သူ့ကိုယ်သူ အနည်းကိန်းနှင့်လိပ်မှုလျှက် စကားပြောသူဖြစ်သည်။ ထို တခုတည်းဖြစ်ခြင်း(oneness)အမှန်တရားသည်၊ သူ၏ အိုင်းစတီ(သို့)လွတ်လပ်တော်မူခြင်း၊ မိမိကိုယ်ကိုအားဖြင့် ဖြစ်တည်နေသူဖြစ်ခြင်း၊ အမှီအခိုကင်းခြင်း၊ အကြွင်းမဲ့ဖြစ်ခြင်း စသည်တို့မှနေ၍ မဖြစ်မနေသက်ဆင်းလာသော ဂုဏ်လက္ခဏာဖြစ်သည်။ မိမိကိုယ်ကိုအားဖြင့် ဖြစ်တည်သူထက် မြင့်မားသူ၊ လုံးဝလွတ်လပ်သောသူ(independent being)ထက် ပို၍မြင့်မားသူ၊ တပါးတည်းသာရှိသော အကြွင်းမဲ့ အရှင်သခင်နှင့်အစိုးရတော်မူသောသူထက် ပို၍မြင့်မားသူကို တွေ့၍ပင်ရနိုင်မည် မဟုတ်ပါ။ ထိုဘုရားသခင်၏ တစ်ဖြစ်တော်မူခြင်း (oneness)၊ အစိတ်စိတ်အပိုင်းပိုင်းသို့ ပိုင်းခြား၍မရသည့် ရိုးစင်းတော်မူသူဖြစ်ခြင်း အမှန်တရားကို ကျမ်းစာက ခိုင်မာစွာသင်ပေးပါသည်။ ဘုရားများစွာရှိသည်(polytheist conception)ဟု ယူဆသောအမြင်နှင့် လက်တွေ့အကျိုးအမြတ်ကိုကြည့်၍ ဝတ်ပြုချင်သူများကို ဆန့်ကျင်လျှက် သင်ပေးခြင်းဖြစ်သည်။ အစ္စရေးတို့သည် ဘုရားသခင်၏စကားကို ဂရုစိုက်ကြရပါမည်၊ “□□□ □□□□□□□□□□□□□ □□□ □□□□□□□□□□□ □□□□□□□□ □□□□□□□□□□ □□□□□□□□□□□□□□ □□□□□□□□□□□□ □□□□□□□□□□□□□□□□□□□□□□□□□”(တရား ၆း၄)။ ထို့ကြောင့် အစ္စရေး တို့သည် ဘုရားသခင်အား ချစ်ခြင်းနှင့်အမှုဆောင်ခြင်း နှစ်ခုကို ခွဲခြား၍လုပ်ရန် မဖြစ်နိုင်ပါ။ သူတို့သည် သူ့တို့ဘုရားသခင်ကို သူ တို့၏ နှလုံးသားအားလုံးနှင့်၊ စိတ်အားလုံးနှင့်၊ ဝိညာဉ်အားလုံးနှင့်၊ ခွန်အားအားလုံးနှင့် ချစ်ရပါမည် (ငယ် ၅)။ သူသည် တပါး တည်း သာဘုရား ဖြစ်ပါသည်။ သူ့ဘေးတွင် အခြားဘုရားမရှိပါ (ဟေရှာ ၄၅း၅)။ ဘုရားသခင်သည် တစ်ဖြစ်တော်မူသည် (ဂလာ တိ ၃း၂၀)။ အားလုံး၏ ဖခင်နှင့်ဘုရားဖြစ်သူ တစ်ပါးတည်းသာ ရှိပါသည် (ဧဖက် ၄း၆)။

ဘုရားသခင်၏ ရိုးစင်းတော်မူခြင်းက ညွှန်ပြချင်သည်မှာ၊- “ဘုရားသခင်သည် ပေါင်းစပ်ဖွဲ့စည်းထားခြင်းမျိုး မဟုတ်ပါ။ သူ၏အနှစ်သာရ(essence)နှင့် သူ၏ကောင်းမြတ်ခြင်း(virtues)များသည် တထပ်တည်းဖြစ်ပါသည်။ သူသည် သူ၏ကောင်းမြတ်ခြင်းများဖြစ်သည်၊ သူ၏ကောင်းမြတ်ခြင်းများအားလုံးသည် သူ့ထံတွင် အကြွင်းမဲ့ တစ်ခု/တလုံးတဝ ဖြစ်ပါသည်။” ဘုရားသခင်သည်

၆ - အကျွန်ုပ်သည် မိမိ၏ညီးတွားရခြင်းများဖြင့် ပင်ပန်းလှပါပြီ၊- တညလုံး အကျွန်ုပ်သည် မိမိအိပ်ရာကို ရေးကူးစရာဖြစ်စေပါပြီ၊- အကျွန်ုပ်သည် မိမိခုတင်ကို မျက်ရည်တို့ဖြင့် ပြည့်စေပါပြီ။
၇ - အကျွန်ုပ်၏မျက်လုံးတို့လည်း ပူဆွေးသောကကြောင့် လောင်မြိုက်လျှက်ရှိပါပြီ၊- ၎င်းသည် အားလုံးသောရန်သူတို့ကြောင့် အိုမင်းလျှက် ရှိနေပါပြီ။
၈ - အပြစ်ဒုစရိုက်ကို ပြုကြသူအပေါင်းတို့၊ ငါ့ထံမှ ထွက်သွားကြလော့၊- အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါ၏ငိုကြွေးခြင်းအသံကို ကြားတော်မူပြီ။
၉ - ဘုရားသခင်သည် ငါ၏တောင်းပန်ဆုတောင်းခြင်းကို ကြားတော်မူပြီ၊- ဘုရားသခင်သည် ငါ၏ဆုတောင်းကို လက်ခံတော်မူလိမ့်မည်။
၁၀ - ငါ့ ရန်သူအပေါင်းတို့ ရှက်ကြလော့၊ ပြင်းထန်စွာဦးနောက်ခြောက်ကြလော့၊- ၎င်းတို့သည် ပြန်လှည့်သွားကြပါစေ၊ ချက်ချင်း အရှက်ကွဲကြပါစေ။

ဆာလံ ၇း၁–၁၇ (ဂျိန်းဘုရင်မူ)
ဘင်ဂျမင်အနွယ် ကုရှိဗိသားစုနှင့်ပတ်သက်၍ သီဆိုသော ကျက်သရေရှိလှသည့် ဒေးဗစ်၏ဆာလံ
၁ - အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော့်ထံတွင် အကျွန်ုပ်၏အားကိုးခြင်းကို ထားရှိပါသည်၊- အကျွန်ုပ်အား နှိပ်စက်ကြသူများအားလုံးထံမှ ကယ်တင်တော်မူပါ၊ အကျွန်ုပ်အား ကယ်လွှတ်တော်မူပါ၊-
၂ - မဟုတ်ပါက သူသည် အကျွန်ုပ်၏ဝိညာဉ်ကို ခြင်္သေ့တကောင်ကဲ့သို့ ကိုက်ဖြတ်မည် စိုးရပါသည်၊ အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်မည် စိုးရပါသည်၊ မည်သူမှ ကယ်တင်နိုင်သူ မရှိပါ။
၃ - အိုး ဘုရားသခင် အကျွန်ုပ်၏ထာဝရဘုရား၊ ဤအမှုကို အကျွန်ုပ် ပြုခဲ့ပါလျှင်၊ အကျွန်ုပ်၏လက်များထဲ၌ ဒုစရိုက်မှုများ ရှိခဲ့ပါလျှင်၊-
၄ - အကျွန်ုပ်နှင့်ငြိမ်းချမ်းရေးပြုသူထံ ဆိုးညစ်ခြင်းနှင့် တုန့်ပြန်ခဲ့ပါလျှင်၊- (မှန်ပါသည်၊ အကျွန်ုပ်၏ရန်သူကို အကြောင်းမရှိဘဲ၊ လုယက်ပါလျှင်)၊-
၅ - ရန်သူတို့သည် အကျွန်ုပ်၏ဝိညာဉ်ကို နှိပ်စက်ကြပါစေ၊ ယူကြပါစေ၊ မှန်ပါသည်၊ သူသည် အကျွန်ုပ်၏ဘဝကို မြေကြီးပေါ်တွင် နင်းခြေပါစေ၊ အကျွန်ုပ်၏ ဂုဏ်ကျက်သရေသည် မြေမှုန့်ထဲရောက်ပါစေ။ ဆယ်းလား
၆ - အိုး ဘုရားသခင်၊ အမျက်တော်ဖြင့် ထတော်မူပါ၊ အကျွန်ုပ်ရန်သူများ၏ ပြင်းထန်သော အမျက်ဒေါသကြောင့် ထတော်မူပါ၊- ထို့နောက် ကိုယ်တော် မိန့်တော်မူထားသည်အတိုင်း တရားစီရင်ဖို့ အကျွန်ုပ်အတွက် နိုးတော်မူပါ။
၇ - ထို့ကြောင့် အသင်းတော်၏လူအစုအဝေးသည် ကိုယ်တော့်အနားပတ်လည်တွင် ရှိနေကြပါလိမ့်မည်၊- အဘယ့်ကြောင့်ဆိုသော် သူတို့အတွက် ကိုယ်တော်သည် အမြင့်သို့ ပြန်လှည့်တော်မူမည်ဖြစ်သည်။
၈ - ဘုရားသခင်သည် လူထုကို တရားစီရင်လိမ့်မည်၊- အိုး ဘုရားသခင်၊ အကျွန်ုပ်ကို တရားစီရင်ပါ၊ အကျွန်ုပ်၏ဖြောင့်မတ်ခြင်းအတိုင်း၊ အကျွန်ုပ်ထဲတွင် ရှိနေသည့် အကျွန်ုပ်၏တည်ကြည်မှုအတိုင်း အကျွန်ုပ်ကို တရားစီရင်တော်မူပါ။
၉ - အိုး အရှင်ဘုရား ဆိုးညစ်သူတို့၏ဆိုးညစ်ခြင်းများ အဆုံးသတ်သို့ရောက်ကြပါစေ၊- သို့သော် ဖြောင့်မတ်သူတို့မှာ တည်မြဲလျှက်ရှိကြပါစေ၊- အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သူတို့၏ နှလုံးသားများနှင့်ကျောက်ကပ်များကို ဘုရားသခင်သည် စစ်ဆေးတော်မူပါသည်။
၁၀ - ငါ၏ အကာအကွယ်သည် ဘုရားသခင်ထံမှ ဖြစ်သည်၊ သူသည် နှလုံးသားထဲတွင် ဖြောင့်မတ်သူကို ကယ်တင်တော်မူသည်။
၁၁ - ဘုရားသခင်သည် ဖြောင့်မတ်သူတို့ကို တရားစီရင်သည်၊ ထို့အတူ ဘုရားသခင်သည် နေ့တိုင်း ဆိုးညစ်သူထံ ဒေါသထွက်တော်မူသည်။
၁၂ - အကယ်၍ သူသည် ပြန်မလှည့်လျှင်၊ ဘုရားသခင်သည် ဓါးသွေးတော်မူလိမ့်မည်၊ သူ၏လေးတော်ကို တင်တော်မူမည်၊ အဆင်သင့် ပစ်လွှတ်ဖို့ဖြစ်စေမည်။
၁၃ - ထိုသူ့အတွက် ဘုရားသခင်က သေခြင်း၏ကရိယာတန်ဆာပလာများကိုလည်း အသင့်ပြင်ထားပါသည်၊- သူသည် မိမိ၏မြှားများကို နှိပ်စက်သူများအားဆန့်ကျင်လျှက် အသင့်ထားတော်မူပါသည်။
၁၄ - ကြည့်ပါ၊ သူသည် မတရားမှုကို မွေးဖွားနေပါသည်၊ သူတပါးအားဒုက္ခပေးခြင်းကို ကြံစည်နေပါသည်၊ ထို့နောက် မုသားကို ထွက်လာစေပါသည်။
၁၅ - သူသည် တွင်းတတွင်းကို ပြုလုပ်သည်၊ တူးသည်၊ ထို့နောက် သူလုပ်ထားသော မြောင်းထဲသို့ ကျပါသည်။
၁၆ - သူ၏ သူတပါးအားဒုက္ခပေးခြင်းသည် သူ့ခေါင်းပေါ်သို့ ပြန်ရောက်ပါလိမ့်မည်၊ သူ၏ ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံခြင်းသည်လည်း သူ့ငယ်ထိပ်ပေါ် ပြန်ကျရောက်ပါလိမ့်မည်။
၁၇ - ငါသည် ဘုရားသခင်အား သူ၏ဖြောင့်မတ်ခြင်းအတိုင်း ချီးမွမ်းရလိမ့်မည်၊- ထို့နောက် အမြင့်ဆုံးသော ဘုရားသခင်၏နာမည်အား ချီးမွမ်းခြင်းကို သီဆိုရလိမ့်မည်ဖြစ်သည်။

××××××××××××××××××××××

၂တိ ၁း၁–၁၈ (ဂျိန်းဘုရင်မူ)

၁ - ပေါလ်၊ ဘုရားသခင့်အလိုတော်အားဖြင့်၊ ယေရှုခရစ်ထဲ၌ရှိသောအသက်ရှင်ခြင်း၏ကတိတော်အတိုင်း၊ ယေရှုခရစ်၏တမန်တော်ဖြစ်သူက၊
၂ - တိမောသေ၊ ငါ၏ချစ်လှစွာသောသားထံ ရေးလိုက်ပါသည်၊- ခမည်းတော်ဘုရားသခင်နှင့် ငါတို့သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်၊ ဂရုဏာတော်နှင့်ငြိမ်းချမ်းခြင်းသည် သင့်ထံ၌ရှိပါစေ။
၃ - ငါ့ဘိုးဘေးတို့လက်ထက်မှနေ၍ သန့်စင်သောဖြတ္တပ္ပစိတ်နှင့် ငါအမှုဆောင်သော ဘုရားသခင်ကို ငါ ကျေးဇူးတင်ပါသည်၊ ထိုသို့ဖြင့် ငါသည် သင့်ကို ငါ၏ဆုတောင်းခြင်းများ၌ နေ့၊ ည မပြတ်တမ်း သတိရပါသည်၊-
၄ - သင့်မျက်ရည်များကို သတိရလျှက်၊ သင့်ကို ငါ အလွန်တွေ့မြင်ချင်သောဆန္ဒရှိပါသည်၊ ထိုသို့ဖြင့် ငါသည် ပျော်ရွှင်ခြင်းနှင့်ပြည့်နေပါမည်၊-
၅ - သင့်ထံ၌ရှိသော ပရိယာယ်ကင်းသည့်ယုံကြည်ခြင်းစစ်ကို ငါ မှတ်မိသတိရသည့်အခါ၊ ၎င်းသည် ပထမ သင့်အဖွား လိုအိစ်နှင့် သင့်မိခင် ယူနိစ်တို့ထံတွင် ရှိခဲ့ပါသည်၊ ထို့နောက် သင့်ထံတွင်လည်း ရှိသည်ဟု ငါ ဘဝင်ကျနေပါသည်။
၆ - ထို့ကြောင့် သင်သည် ဘုရားသခင်၏လက်ဆောင်ကို လှုံ့ဆော်ပါဟု ငါ သင့်ကို သတိပေးပါသည်၊ ငါ့လက်များကိုတင်ခြင်းဖြင့် ထိုလက်ဆောင်သည် သင့်ထံရောက်လာခြင်းဖြစ်ပါသည်။
၇ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့ကို ကြောက်ရွံ့ခြင်း၏ဝိညာဉ်ကို ပေးထားသည်မဟုတ်ပါ၊- သို့သော် တန်ခိုးစွမ်းအင်၏ဝိညာဉ်၊ ချစ်ခြင်း၏ဝိညာဉ်၊ ကောင်းမွန်ကြံခိုင်ခြင်း၏ဝိညာဉ်ကို ပေးထားခြင်းဖြစ်သည်။
၈ - ထို့ကြောင့် သင်သည် ငါတို့သခင်ဘုရားအတွက် သက်သေခံခြင်းကို မရှက်နှင့်၊ ထို့အတူ သူ၏အကျဉ်းသားဖြစ်သူ ငါ့အတွက်လည်း မရှက်နှင့်၊- သို့သော် ဘုရားသခင်၏တန်ခိုးတော်အတိုင်းဖြစ်သော ဧဝံဂေလိတရား၏ဆင်းရဲဒုက္ခများနှင့် ပါဝင်ဆက်ဆံသူဖြစ်လော့၊-
၉ - ထိုဘုရားသခင်သည် ငါတို့ကို ကယ်တင်သူ၊ ငါတို့ကို သန့်ရှင်းသောခေါ်တော်မူခြင်းနှင့်ခေါ်သောသူ၊ ငါတို့၏အလုပ်များကြောင့်မဟုတ်ဘဲ၊ သူ၏ကိုယ်ပိုင် ရည်ရွယ်ချက်နှင့်ကျေးဇူးတော်အတိုင်း ခေါ်သောသူ၊ ကမ္ဘာကြီးမစခင်ကထဲကပင် ငါတို့ကို ယေရှုခရစ်တော်ထဲ၌ ပေးထားသူ ဖြစ်တော်မူပါသည်၊
၁၀ - သို့သော် သူသည် ယခုအခါ ငါတို့ကယ်တင်ရှင် ယေရှုခရစ်၏ပေါ်ထွန်းခြင်းအားဖြင့် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်၊ သေခြင်းကို ဖျက်သိမ်းပစ်လိုက်သူ၊ အသက်ရှင်ခြင်းနှင့်ထာဝရရှင်သန်ခြင်းကို ဧဝံဂေလိမှတဆင့် အလင်းသို့ ရောက်လာစေသူဖြစ်သည်၊-
၁၁ - ထိုအမှုတော်သို့ ငါ့ကို တပါးအမျိုးသားတို့၏ တရားဟောဆရာအဖြစ်၊ တမန်တော်အဖြစ်နှင့်ဆရာအဖြစ် ခန့်အပ်တော်မူပါသည်။
၁၂ - ထိုအတွက်ကြောင့် ငါသည် ဤအရာများကိုလည်း ခံစားရခြင်းဖြစ်သည်၊- မည်သို့ပင်ဖြစ်ပါစေ ငါသည် မရှက်ပါ၊- အဘယ့်ကြောင့်ဆိုသော် ငါ မည်သူကို ယုံကြည်ကြောင်း ငါသိပါသည်၊ သူသည် ငါ သူ့ထံ အပ်ထားသောအရာကို ထိုနေ့တိုင်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်သူဖြစ်သည်ဟု ငါသည် ဘဝင်ကျနေပါသည်။
၁၃ - သင် ငါ့ထံမှ ကြားခဲ့သည့် ကောင်းမွန်သောစကားလုံးတို့၏ပုံစံကို ခိုင်မာစွာ ဆွဲကိုင်လော့၊ ယေရှုခရစ်တော်ထဲ၌ရှိသော ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့ဖြင့် ဖြစ်သည်။
၁၄ - သင့်ထံ၌အပ်နှံထားသည့် ထိုကောင်းသောအရာကို ငါတို့ထဲ၌နေထိုင်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စောင့်ရှောက်ထိန်းသိမ်းလော့။
၁၅ - အေးရှားဒေသတွင်ရှိသူများအားလုံး ငါ့ထံမှ ထွက်သွားကြပြီကို သင် သိပါ၊- ထိုသူတို့အထဲတွင် ဖီဂဲလပ်စ် နှင့် ဟာမိုဂျီးနီးစ်တို့လည်း ပါကြပါသည်။
၁၆ - ဘုရားသခင်သည် အိုနဲစီဖိုးရပ်စ် တို့ မိသားစုကို ဂရုဏာထားတော်မူပါသည်၊- အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့ကို မကြာခဏ လန်းဆန်းစေပါသည်၊ ငါ၏ထုတ်နှောင်ခံရခြင်းအတွက်လည်း မရှက်ပါ၊-
၁၇ - သို့သော်၊ သူ ရောမမြို့ရောက်စဉ်၊ ငါတို့ ရှာတွေ့ဖို့ အတော်လုံ့လစိုက်ခဲ့ပါသည်၊ ထို့နောက် ငါ့ကို တွေ့ပါသည်။
၁၈ - ဘုရားသခင်က သူ့ကို သခင်ဘုရား၏ဂရုဏာတော်အား ထိုနေ့တွင် တွေ့နိုင်ရန် အခွင့်ပေးပါစေ၊- သူသည် ဧဖက်မြို့တွင် ငါ့ထံသို့ မည်မျှများပြားသောအကြောင်းရာများကို ပြုစုပေးခဲ့ကြောင်း သင် ကောင်းကောင်းသိပါသည်။

+++++++++++++++++++++++++

ဒေသနာကျမ်း ၄း၁–၁၆ (ဂျိန်းဘုရင်မူ)

၁ - ထို့ကြောင့် ငါသည် ပြန်လှည့်ကာ၊ နေအောက်တွင် လုပ်ခဲ့ကြသမျှသော ဖိနှိပ်ချုပ်ချယ်ခြင်းများ ဆင်ခြင်တွေးတောပါသည်၊- ထိုသို့ ဖိနှိပ်ခံနေရသူများ၏ မျက်ရည်များကို ကြည့်ပါ၊ သူတို့ထံတွင် နှစ်သိမ့်ပေးမည့်သူ မရှိပါ၊- သူတို့အားဖိနှိပ်သူများဖက်တွင်တော့ အာဏာရှိပါသည်၊- သို့သော် သူတို့ထံတွင် နှစ်သိမ့်ပေးမည့်သူ မရှိပါ။
၂ - ထို့ကြောင့် ငါသည် လူသေတို့ကို ချီးမွမ်းမိပါသည်၊ လူသေတို့သည် ယခုလက်ရှိ အသက်ရှင်နေသူများထက် ပို၍ အခြေအနေကောင်းကြပါသည်။
၃ - မှန်ပါသည်၊ ထိုနှစ်မျိုးထက် ပို၍အခြေအနေကောင်းသူရှိပါသေးသည်၊ မဖြစ်တည်သေးသူဖြစ်သည်၊ နေအောက်တွင် ပြုလုပ်ကြသည့် ဆိုးညစ်သောအလုပ်များကို မမြင်ဘူးသေးသူ ဖြစ်ပါသည်။

၄ - နောက်တကြိမ် ငါသည် အားလုံးသောပင်ပန်းဆင်းရဲလှသည့်အရာများကို ဆင်ခြင်တွေးတောမိပါသည်၊- ထို့အတူ ၎င်းတို့အတွက် မိမိအိမ်နီးခြင်း၏မနာလိုဖြစ်ရသော လူတဦး၏ မှန်သောအလုပ်များတိုင်းကိုလည်း ဆင်ခြင်တွေးတော်ပါသည်။ ၎င်းသည်လည်း အချည်းမဲ့မှုနှင့် ဝိညာဉ်အားစိတ်အနှောက်အယှက်ဖြစ်စေမှုသာ ဖြစ်ပါသည်။
၅ - လူမိုက်သည် မိမိလက်များကို ပိုက်ထားပါသည်၊ ထို့နောက် သူ့အသွေးသားကို ပြန်စားပါသည်။
၆ - လက်တဆုပ်စာကို ငြိမ်းချမ်းနှင့်ပိုင်ဆိုရခြင်းသည်၊ လက်များအပြည့် ပင်ပန်းရခြင်း၊ ဝိညာဉ်၏စိတ်အနှောက်အယှက် ဖြစ်ရခြင်းတို့နှင့်အတူ ပိုင်ဆိုင်ရခြင်းထက် ပိုကောင်းပါသည်။
၇ - ထို့နောက် ငါပြန်လှည့်ကာ၊ နေအောက်၌ရှိသော အချည်းနှီးမဲ့မှုကို တွေ့ပြန်ပါသည်။
၈ - တဦးတည်းရှိနေသူ၊ ဒုတိယဆိုသည်မျိုးမရှိသူ ရှိပါသည်၊- မှန်သည်၊ သူ့ထံတွင် ကလေးမရှိ၊ ထို့အတူ ညီလည်း မရှိပါ၊- ထိုသို့ဖြစ်သော်လည်း အားလုံးသော သူ၏လုပ်ဆောင်ခြင်းများ ဆုံးသည်ဟူ၍မရှိပြန်ပါ၊- ထို့အတူ သူ့မျက်လုံးတို့သည်လည်း ချမ်းသာကြွယ်ဝခြင်းအပေါ် ကျေနပ်သည်ဟူ၍ မရှိပါ၊- ထို့အတူ မည်သူ့အတွက် ငါ လုပ်ကိုင်နေသနည်း? ငါ့ဝိညာဉ်အား ကောင်းခြင်းတို့ကို အဘယ့်ကြောင့် မခံစားစေသနည်း?ဟုလည်း သူသည် မေးလေ့မရှိပါ။ ထိုအဖြစ်သည်လည်း အချည်းနှီးမဲ့မှုသာ ဖြစ်ပါသည်၊ မှန်သည်၊ ၎င်းသည် တကယ့်ဆင်းရဲဒုက္ခဖြစ်ပါသည်။
၉ - နှစ်ဦးသည် တဦးထက် ကောင်းပါသည်၊- အဘယ့်ကြောင့်ဆိုသော် သူတို့၏ ကြိုးစားလုပ်ကိုင်မှုအတွက် ကောင်းသောဆုလာဘ်ရှိသဖြင့် ဖြစ်သည်။
၁၀ - အကယ်၍ သူတို့ လဲကျခဲ့သော်၊ တဦးက သူ့သူငယ်ချင်းကို ထူမမည်ဖြစ်သည်၊- သို့သော် တဦးတည်းရှိသူ လဲကျသော် အကျိုးနည်းရပြီဖြစ်သည်၊- အဘယ့်ကြောင့်ဆိုသော် သူ့ကို ကူညီထူမမည့်သူ မရှိသောကြောင့်ဖြစ်သည်။
၁၁ - တခါ၊ နှစ်ဦး အတူလဲလျောင်းလျှင်၊ သူတို့ထံတွင် အနွေးဓါတ်ရှိပါမည်၊- သို့သော် တဦးတည်းသူသည် မည်သို့ နွေးနိုင်မည်နည်း?
၁၂ - အကယ်၍ တစုံတဦးက သူ့ကိုအနိုင်ရခဲ့ပါလျှင်၊ နှစ်ဦးအတူ ထိုသူ့ကို ခံရပ်နိုင်ကြပါမည်၊- သုံးပင်လိမ်ကြိုးသည် လွယ်လွယ်နှင့် မကျိုးပြတ်နိုင်ပါ။
၁၃ - ဆင်းရဲသော်လည်း ငယ်သောပညာရှိသည်၊ သတိပေးခြင်းကို လက်မခံတော့သည့် အသက်ကြီးသော၊ မိုက်မဲသော ရှင်ဘုရင်ထက် ပိုကောင်းပါသည်၊
၁၄ - အဘယ့်ကြောင့်ဆိုသော် သူသည် မိမိ၏နိုင်ငံတော်တွင် ဆင်းရဲစွာမွေးဖွားခဲ့သော်လည်း၊ ထောင်ထဲမှနေ၍ အုပ်စိုးဖို့ လာခဲ့သူဖြစ်ပါသည်၊-
၁၅ - နေအောက်တွင် အသက်ရှင်လျှက် လျှောက်လှမ်းသွားလာသူများကို ငါ ဆင်ခြင်တွေးတောပါသည်၊ သူ့နေရာတွင် ဝင်ထိုင်သော ဒုတိယကလေးနှင့်အတူ ရပ်တည်ကြပါသည်။
၁၆ - ထိုသူ ဘုရင်လုပ်အုပ်ချုပ်ရသည့် အားလုံးသောပြည်သူများအတွက် အဆုံးသတ်ဆိုသည်မျိုး မရှိပါ၊ သူ့နောက်မှ လာမည့်သူများကလည်း သူ့ထံ ဝမ်းသာကြလိမ့်မည် မဟုတ်ပါ။ ဤအရာသည်လည်း အမှန်ပင် အချည်းနှီးမဲ့ခြင်းနှင့် ဝိညာဉ်ကို စိတ်အနှောက်အယှက်ပေးခြင်းသာဖြစ်ပါသည်။

×××××××××××

**သခင်ဘုရား၏နေ့ (၃၃)**

၈၈။ လူတဦး၏စစ်မှန်သောပြောင်းလဲခြင်း၌ အပိုင်းမည်မျှပါဝင်သနည်း?

နှစ်ပိုင်းဖြစ်၏။ လူဟောင်းကိုသေစေခြင်းနှင့် လူသစ်ကို ရှင်စေခြင်းတို့ဖြစ်သည်။

(ရော ၆း၄-၆၊ ဧဖက် ၄း၂၂-၂၃၊ ကော ၃း၅၊ ၁ကော ၅း၇)

၈၉။ လူဟောင်းကိုသေစေခြင်းဆိုသည်မှာ အဘယ်နည်း?

ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်များဖြင့် ဘုရားသခင်ကိုဒေါသထွက်စေသည်ဟု နှလုံးသားမှရိုးသားစွာဝမ်းနည်းခြင်း၊ အပြစ်များကို ပို၍ပို၍မုန်းတီးလျှက် ၎င်းတို့မှနေ၍ ထွက်ပြေးခြင်းဖြစ်သည်။

(ဆာလံ ၅၁း၃ ၊ ၈၊ ၁၇၊ လု ၁၅း၁၈၊ ရော ၈း၁၃၊ ယောလ ၁း၁၂-၁၃)

၉၀။ လူသစ်ကိုရှင်စေခြင်းဆိုသည်မှာ အဘယ်နည်း?

သခင်ယေရှုအားဖြင့် ဘုရားသခင်၌ ရိုးသားစွာ နှလုံးသားမှ ဝမ်းမြောက်ခြင်း၊ ထို့နောက် ချစ်ခြင်းနှင့်၎င်း၊ ကြည်နူးဝမ်းမြောက်ခြင်းနှင့်၎င်း ကောင်းသောအကျင့်အားလုံး၌ ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်လိုခြင်း ဖြစ်သည်။

(ရော ၅း၁-၂၊ ၁၄း၇၊ ဟေရှာ ၅၇း၁၅၊ ရော ၆း၁၀-၁၁၊ ၁ပေ ၄း၂၊ ဂလာ ၂း၂၀)

၉၁။ ကောင်းသောအကျင့်များဆိုသည်မှာ အဘယ်နည်း?

ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် စစ်မှန်သောယုံကြည်ခြင်းမှထွက်ပေါ်လာလျှက်၊ ဘုရားသခင်၏ပညတ်တော်များအတိုင်းပြုလုပ်သည့် အကျင့်များသာဖြစ်ကြ၏။ ကျွန်ုပ်တို့၏စိတ်ကူးများ၌ တွေ့ရသည်များ (သို့) လူသားတို့၏ ဓလေ့ထုံးစံများ မဟုတ်ပါ။

(ရော ၁၄း၂၃၊ ၁ရာ ၁၅း၂၂၊ ဧဖက် ၂း၂၊ ၁၀၊ ၁ကော ၁၀း၃၁၊ တရား ၁၂း၃၂၊ ယေဇ ၂၀း၁၈၊ မဿဲ ၁၅း၉၊ ယော ၁၁း၁-၄၅)